# မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ခြောက်လကာလအတွက်
အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

*ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များလီမိတက်*
*လက်မှတ်ရပြည်သူ့စာရင်းကိုင်များ*

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့နှင့် ထိုနေ့ကုန်ဆုံးသော ခြောက်လကာလအတွက် အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ

မာတိကာ


| မာတိကာ | စာမျက်နှာ |
|---|---|
| စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက် | ၁ |
| အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ၏ သုံးသပ်ချက်အပေါ်အစီရင်ခံစာ | ၂ |
| အကျဉ်းချုံးဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၃ |
| အကျဉ်းချုံးဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၄ |
| အကျဉ်းချုံး အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၅ |
| အကျဉ်းချုံးငွေသားစီးဆင်းမှုရှင်းတမ်း | ၆ |
| အကျဉ်းချုံးဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၇ - ၂၉ |

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
စီမံအုပ်ချုပ်မှုသူများ၏ တာဝန်ဖော်ပြချက်**

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ အကျိုးချိုးဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောခြောက်လကာလအတွက် အကျိုးချိုးဝင်ငွေ အလုံးစုံပါဝင်သော ရှင်းတမ်း၊ အကျိုးချိုးအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ အကျိုးချိုးငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အကျိုးချိုး ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကို ရေးဆွဲရန်မှာ စီမံအုပ်ချုပ်သူများ၏တာဝန်သာဖြစ်ပါသည်။ အကျိုးချိုး ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည်

- ဆီလျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ရန်လိုအပ် ပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် အခြားစည်းမျဉ်းမကျမှုများကို ကာကွယ်ဖော်ထုတ်ရန် သင့်လျော်သလိုဆောင်ရွက်ခြင်းအတွက် ကျွန်ုပ်တို့တွင် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

ဦးဝင်းအောင်
ဥက္ကဋ္ဌ
မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

MYANMAR AGRO EXCHANGE PUBLIC LIMITED

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်။

ဝင်းသင်နှင့်အဖွဲ့လီမိတက်
WIN THIN & ASSOCIATES LTD
CERTIFIED PUBLIC ACCOUNTANTS
Room (2B/2C) 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township,
Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com

စာအမှတ် - ၅၄၉ / အမ် - ၂၈၃ / စက်တင်ဘာလ ၂၀၂၄

## အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ၏ သုံးသပ်ချက်အပေါ်အစီရင်ခံစာ

မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့

### နိဒါန်း

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာအက်ဂရီအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက်၏ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ရှိ အကျဉ်းချုံး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသော ခြောက်လကာလအတွက် အကျဉ်းချုံးဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း၊ အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ ("အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ") ကိုသုံးသပ်ခဲ့ပြီးဖြစ်ပါသည်။ အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံစာရင်းကိုင်စံ ၃၄ ကြားဖြတ်ဘဏ္ဍာရေး အစီရင်ခံခြင်းနှင့် အညီပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏တာဝန်ဖြစ်ပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့၏ သုံးသပ်ချက်အပေါ် အခြေခံ၍ အကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ကောက်ချက်ချရန် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ တာဝန်ဖြစ်ပါသည်။

### သုံးသပ်ချက်နယ်ပယ်

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာသုံးသပ်ချက်စံ ၂၄၁၀ "အဖွဲ့အစည်း၏ ပြင်ပစာရင်းစစ်မှ ဆောင်ရွက်သော ကြားဖြတ်ဘဏ္ဍာရေးအချက်အလက်၏ သုံးသပ်ချက်" နှင့်အညီ ကျွန်တော်များစာရင်းစစ်အဖွဲ့၏ သုံးသပ်ချက်ကို ဆောင်ရွက်ခဲ့ပါ သည်။ ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများသုံးသပ်ချက်တွင် ဘဏ္ဍာရေးနှင့်စာရင်းကိစ္စရပ်များအတွက် အဓိကတာဝန်ရှိသော ပုဂ္ဂိုလ်များကို မေးမြန်းခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့် အခြားသုံးသပ်ခြင်းလုပ်ထုံးလုပ်နည်းများပါဝင်ပါသည်။ သုံးသပ်ချက် သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်သော စာရင်းစစ်ဆေးခြင်းထက် နယ်ပယ်သိသိသာသာ နည်းပါး သောကြောင့် စာရင်းစစ်ဆေးခြင်းတွင် ဖော်ထုတ်နိုင်သည့် အရေးပါသောကိစ္စရပ်များအားလုံးကို ကျွန်တော်များစာရင်းစစ်အဖွဲ့ သိရှိလာမည်ဟူသောအာမခံချက်ကို ကျွန်တော်များစာရင်းစစ်အဖွဲ့ ရရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်များစာရင်း စစ်အဖွဲ့သည် စာရင်းစစ်ထင်မြင်ယူဆချက်ကို ဖော်ပြမည်မဟုတ်ပါ။

### နိဂုံး

ကျွန်တော်များစာရင်းစစ်အဖွဲ့၏ သုံးသပ်ချက်ကို အခြေခံ၍ ပူးတွဲပါအကျဉ်းချုံးကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများသည် ကုမ္ပဏီ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေ၊ ယင်းနေ့ကုန်ဆုံးသော ခြောက်လကာလအတွက် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုများကို မြန်မာနိုင်ငံစာရင်းကိုင်စံ ၃၄ ကြားဖြတ် ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့်အညီ အခြေအနေအမှန်ကို မပေးနိုင်ကြောင်း ယုံကြည်နိုင်လောက်သည့် အကြောင်းအချက်ကို သတိပြုမိခြင်းမရှိပါ။

နေမင်းသန့် (ပီအေပီပီ - ၄၆၆)
ပါတနာ
ဝင်းသင်နှင့်အဖွဲ့လီမိတက်
စာရင်းစစ်လုပ်ငန်းမှတ်ပုံတင်အမှတ် - အေစီစီ ၀၀၈

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်။

မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ အကျဉ်းချုံးဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် ကျပ်ထောင်ပေါင်း | ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် ကျပ်ထောင်ပေါင်း |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆောက်အဦးများ) | ၆ | ၁၄,၂၈၇,၅၄၉ | ၁၁,၅၆၄,၇၃၀ |
| ပုံသေပိုင်ပစ္စည်းများ | ၇ | ၁၉,၆၄၁,၇၆၇ | ၁၇,၂၀၃,၃၉၀ |
| ထိတွေ့ကိုင်တွယ်၍ မရသောပိုင်ဆိုင်ပစ္စည်း | ၈ | ၆,၅၂၁ | ၁၉,၄၀၀ |
| | | ၃၃,၉၃၅,၈၃၇ | ၂၈,၇၈၇,၅၂၀ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ငွေနှင့် ငွေသားညီမျှခြင်းများ | ၉ | ၁,၄၈၀,၀၀၅ | ၂,၅၅၂,၄၃၂ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၁၀ | ၄,၈၈၄,၁၃၁ | ၇,၁၂၂,၀၅၂ |
| ကြိုတင်ပေးငွေများ | ၁၁ | ၁,၃၂၉,၂၇၂ | ၂,၇၀၇,၈၉၆ |
| ကုန်လက်ကျန်များ | ၁၂ | ၄၅၇,၂၂၅ | ၇၉,၉၁၃ |
| လုပ်ဆောင်ဆဲလုပ်ငန်းများ | ၁၃ | ၂၀,၅၁၀,၇၆၆ | ၁၆,၁၀၄,၃၂၉ |
| ဆိုင်းငံ့ထားသောအခွန် | ၁၄ (ခ) | ၉၆,၁၄၅ | ၇၁,၆၁၆ |
| | | ၂၈,၇၅၇,၅၄၄ | ၂၈,၆၃၈,၂၃၈ |
| | | ၆၂,၆၉၃,၃၈၁ | ၅၇,၄၂၅,၇၅၈ |
| **ရင်းနှီးငွေ နှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ | ၁၅ | ၂၄,၉၉၉,၁၃၀ | ၂၄,၉၉၉,၁၃၀ |
| အမြတ်လက်ကျန်များ | | ၅,၂၆၂,၀၆၆ | ၅,၇၈၈,၅၇၈ |
| | | ၃၀,၂၆၁,၁၉၆ | ၃၀,၇၈၇,၇၀၈ |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | | |
| ချေးယူမှု | ၁၆ | ၃,၈၈၅,၆၁၂ | ၄,၆၃၈,၅၉၂ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှု နှင့် အခြားပေးရန်ရှိများ | ၁၇ | ၈,၅၃၅,၆၂၂ | ၅,၉၂၅,၆၂၃ |
| စရံနှင့်ကြိုတင်ငွေများ | ၁၈ | ၁၅,၉၈၉,၂၃၀ | ၈,၃၂၆,၇၈၃ |
| လျာထားချက်များ | ၁၉ | ၂,၇၉၇,၃၁၉ | ၃,၆၅၈,၃၉၂ |
| လျာထားအသုံးစရိတ်များ | ၂၀ | ၁,၂၂၄,၄၀၂ | ၄,၀၈၈,၆၆၀ |
| | | ၂၈,၅၄၆,၅၇၃ | ၂၁,၉၉၉,၄၅၈ |
| | | ၆၂,၆၉၃,၃၈၁ | ၅၇,၄၂၅,၇၅၈ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

(၁)
Chairman
Myanmar Agro Exchange Public Limited

(၂)
Director
Myanmar Agro Exchange Public Limited

(၃)
Director
Myanmar Agro Exchange Public Limited

(၄)
Chief Executive Officer
Myanmar Agro Exchange Public Limited

MYANMAR AGRO EXCHANGE PUBLIC LIMITED

## မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ကုန်ဆုံးသောခြောက်လကာလအတွက် အကျဉ်းချုံး
## ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | မှတ်စု | ၂၀၂၄ ခုနှစ်၊ဧပြီလ(၁)ရက် မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက် ကျပ်ထောင်ပေါင်း | ၂၀၂၃ ခုနှစ်၊ဧပြီလ(၁)ရက် မှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက် ကျပ်ထောင်ပေါင်း |
|---|---|---|---|
| ဝင်ငွေ - အသားတင် | ၂၁ | ၁၆,၇၁၀,၆၅၅ | ၇,၅၉၈,၀၈၀ |
| အရင်းတန်ဖိုး | ၂၃ | (၈,၃၄၄,၉၇၁) | (၃,၄၂၆,၆၆၇) |
| **အကြမ်းအမြတ်** | | ၈,၃၆၅,၆၈၄ | ၄,၁၇၁,၄၁၃ |
| အခြားဝင်ငွေ | ၂၂ | ၁၈၂,၁၄၀ | ၁၃၈,၆၉၂ |
| **အသုံးစရိတ်များ** | | | |
| - စီမံခန့်ခွဲမှု | ၂၃ | (၁,၅၀၃,၅၀၀) | (၁,၄၈၆,၆၇၄) |
| - အရောင်းမြှင့်တင်ခြင်း | ၂၃ | (၂၃,၀၄၁) | (၇၂,၆၀၄) |
| - ဘဏ်စရိတ်များ | ၂၃ | (၂၁၇,၉၃၃) | (၄၇၉) |
| | | ၆,၈၀၃,၃၅၀ | ၂,၇၅၀,၃၄၈ |
| YCDC အတွက်အမြတ်ဝေစု | ၁၉ | (၁,၇၀၁,၅၇၀) | (၆၈၈,၆၃၇) |
| **အခွန်မလျှော့ထားမီအသားတင်အမြတ်** | | ၅,၁၀၁,၇၈၀ | ၂,၀၆၁,၇၁၁ |
| ဝင်ငွေခွန် | ၁၄ (က) | (၈၆၇,၃၀၃) | (၃၅၀,၄၉၁) |
| **ဘဏ္ဍာရေးကာလအတွက်အမြတ်** | | ၄,၂၃၄,၄၇၇ | ၁,၇၁၁,၂၂၀ |
| ဘဏ္ဍာရေးကာလအတွက်အခြားဝင်ငွေအလုံးစုံ | | – | – |
| **ဘဏ္ဍာရေးကာလအတွက် စုစုပေါင်းဝင်ငွေအလုံးစုံ** | | ၄,၂၃၄,၄၇၇ | ၁,၇၁၁,၂၂၀ |
| **ရှယ်ယာတစ်စု၏ဝင်ငွေ (တစ်စောင်လျှင်တန်ဖိုးကျပ်)** | | | |
| Basic earnings per share | ၂၆ | ၁၇၈ | ၇၂ |
| Diluted earnings per share | ၂၆ | ၁၇၈ | ၇၄ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောခြောက်လကာလအတွက် အကျဉ်းချုံး
အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

| | ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | Right share ထုတ်ဝေမှုအတွက် ကြိုတင်သွင်းငွေ | အမြတ်လက်ကျန် | စုစုပေါင်း |
|---|---|---|---|---|
| | ကျပ်ထောင်ပေါင်း | ကျပ်ထောင်ပေါင်း | ကျပ်ထောင်ပေါင်း | ကျပ်ထောင်ပေါင်း |
| ၂၀၂၄ ခုနှစ် ၊ ဧပြီလ (၁)ရက် | ၂၄,၉၉၉,၁၃၀ | – | ၅,၇၈၈,၅၇၈ | ၃၀,၇၈၇,၇၀၈ |
| ဘဏ္ဍာရေးအစီရင်ခံသည့်ကာလအတွက်အမြတ် | – | – | ၄,၂၃၄,၄၇၇ | ၄,၂၃၄,၄၇၇ |
| ဘဏ္ဍာရေးအစီရင်ခံသည့်ကာလအတွက်အခြားဝင်ငွေအလုံးစုံ | – | – | – | – |
| ဘဏ္ဍာရေးကာလအတွက်စုစုပေါင်းဝင်ငွေအလုံးစုံ | ၂၄,၉၉၉,၁၃၀ | – | ၁၀,၀၂၃,၀၅၅ | ၃၅,၀၂၂,၁၈၅ |
| ပိုင်ရှင်များသို့ / ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ | | | | |
| အမြတ်ဝေစု {မှတ်စု ၂၄(က)} | – | – | (၄,၇၆၀,၉၈၉) | (၄,၇၆၀,၉၈၉) |
| | – | – | (၄,၇၆၀,၉၈၉) | (၄,၇၆၀,၉၈၉) |
| ၂၀၂၄ ခုနှစ် ၊စက်တင်ဘာလ (၃၀) ရက် | ၂၄,၉၉၉,၁၃၀ | – | ၅,၂၆၂,၀၆၆ | ၃၀,၂၆၁,၁၉၆ |
| ၂၀၂၃ ခုနှစ် ၊ဧပြီလ (၁)ရက် | ၂၁,၇၅၃,၀၀၁ | ၁,၅၅၉,၀၀၂ | ၂,၈၉၆,၆၇၆ | ၂၆,၂၀၈,၆၇၉ |
| Right Share ထုတ်ဝေမှုအတွက်ကြိုတင်သွင်းငွေများ | – | ၁,၆၈၇,၁၂၇ | – | ၁,၆၈၇,၁၂၇ |
| အစုရှယ်ယာခွဲဝေစာရင်းသွင်းခြင်း | ၃,၂၄၆,၁၂၉ | (၃,၂၄၆,၁၂၉) | – | – |
| ဘဏ္ဍာရေးအစီရင်ခံသည့်ကာလအတွက်အမြတ် | – | – | ၁,၇၁၁,၂၂၀ | ၁,၇၁၁,၂၂၀ |
| ဘဏ္ဍာရေးအစီရင်ခံသည့်ကာလအတွက်အခြားဝင်ငွေအလုံးစုံ | – | – | – | – |
| ဘဏ္ဍာရေးကာလအတွက်စုစုပေါင်းဝင်ငွေအလုံးစုံ | ၂၄,၉၉၉,၁၃၀ | – | ၄,၆၀၇,၈၉၆ | ၂၉,၆၀၇,၀၂၆ |
| ပိုင်ရှင်များသို့ / ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ | | | | |
| အမြတ်ဝေစု | – | – | – | – |
| | – | – | – | – |
| ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက် | ၂၄,၉၉၉,၁၃၀ | – | ၄,၆၀၇,၈၉၆ | ၂၉,၆၀၇,၀၂၆ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

**၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောခြောက်လကာလအတွက် အကျဉ်းချုံးငွေသားစီးဆင်းမှု ရှင်းတမ်း**

| | မှတ်စု | ၂၀၂၄ ခုနှစ်၊ဧပြီလ(၁)ရက် မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက် ကျပ်ထောင်ပေါင်း | ၂၀၂၃ ခုနှစ်၊ဧပြီလ(၁)ရက် မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက် ကျပ်ထောင်ပေါင်း |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မနုတ်မီ အသားတင်အမြတ် | | ၅,၁၀၁,၇၈၀ | ၂,၀၆၁,၇၁၁ |
| *ကိုက်ညှိရေးဆွဲချက်များ* | | | |
| - တန်ဖိုးလျော့ | | ၆၃၈,၉၄၆ | ၄၆၄,၅၀၅ |
| - အတိုးရငွေ | | (၉၄,၈၈၇) | (၈၇,၂၆၇) |
| လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ် | | ၅,၆၄၅,၈၃၉ | ၂,၄၃၈,၉၄၉ |
| လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုများ | | | |
| - ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | | ၂,၂၃၇,၉၂၁ | (၂,၁၅၃,၇၅၅) |
| - ကြိုတင်ပေးငွေများ | | ၁,၄၇၈,၆၂၄ | (၅၈၆,၇၆၆) |
| - ကုန်လက်ကျန်များ | | (၃၇၇,၃၁၃) | ၁,၉၆၇,၇၁၇ |
| - လုပ်ဆောင်ဆဲလုပ်ငန်းများ | | (၄,၄၀၆,၄၃၇) | (၈,၂၇၅,၇၉၉) |
| - ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | | ၂,၄၈၉,၈၄၅ | ၃,၆၀၉,၀၄၆ |
| - စရံနှင့်ကြိုတင်ငွေများ | | ၇,၆၆၂,၄၄၇ | – |
| - လျာထားချက်များ | | (၁,၇၅၂,၉၀၅) | (၄၆၈,၁၀၉) |
| - လျာထားအသုံးစရိတ်များ | | (၂,၈၆၄,၂၅၇) | – |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဝင်မှု | | ၁၀,၁၁၃,၇၆၄ | (၃,၄၆၈,၇၁၇) |
| အတိုးရရှိမှု | | ၉၄,၈၈၇ | ၈၇,၂၆၇ |
| ဝင်ငွေခွန်ပေးသွင်းမှု | | (၁၀၀,၀၀၀) | (၂၇၀,၀၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/အသုံးပြုမှု | | ၁၀,၁၀၈,၆၅၁ | (၃,၆၅၁,၄၅၀) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများဝယ်ယူမှု (အဆောက်အဦးများ) | | (၂,၈၈၀,၉၁၃) | (၃,၂၃၂) |
| ပုံသေပိုင်ပစ္စည်းများဝယ်ယူမှု | | (၂,၉၀၆,၃၅၀) | (၂,၃၉၉,၁၇၃) |
| ဆော့ဖ်ဝဲဝယ်ယူမှု | | – | (၈၀၀) |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသား အသုံးပြုမှု | | (၅,၇၈၇,၂၆၃) | (၂,၄၀၃,၂၀၅) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| Right share ထုတ်ဝေမှု အတွက် ကြိုတင်သွင်းငွေများ | | – | ၁,၆၈၇,၁၂၇ |
| ချေးယူမှုမှရငွေ | | – | ၂,၅၀၀,၀၀၀ |
| ချေးငွေပြန်ဆပ်မှု | | (၇၅၂,၉၈၀) | – |
| အစုရှယ်ယာရှင်များသို့အမြတ်ဝေစုပေးခြင်း | | (၄,၆၄၀,၈၃၅) | (၄၇,၈၉၅) |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသား စီးဝင်မှု/(အသုံးပြုမှု) | | (၅,၃၉၃,၈၁၅) | ၄,၁၃၉,၂၃၂ |
| ငွေသားအသားတင်အလျော့ | | (၁,၀၇၂,၄၂၇) | (၁,၉၁၅,၄၂၃) |
| ကာလအစရှိငွေ နှင့် ဘဏ်လက်ကျန် | | ၂,၅၅၂,၄၃၂ | ၃,၂၅၅,၈၉၆ |
| **ကာလအဆုံးရှိငွေ နှင့် ဘဏ်လက်ကျန်** | ၉ | ၁,၄၈၀,၀၀၅ | ၁,၃၄၀,၄၇၃ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

## မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောခြောက်လကာလအတွက် အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်း များအပေါ် မှတ်စုများ

ဤမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့် အတူတကွ ဖတ်ရှုရမည်ဖြစ်ပါသည်။

### ၁။ အထွေထွေ

ပေးရန်တာဝန်ကန့်သတ်ထားသော မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၅ခုနှစ် ၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင် ခဲ့ပါသည်။ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၁၇၈၉/ ၂၀၁၅-၂၀၁၆ (ရန်ကုန်) ဖြင့် (၁၄.၉.၂၀၁၅) နေ့တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ထုတ်ပေးခဲ့ပါသည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်အရ ပြန်လည်မှတ်ပုံတင်ပြီး ကုမ္ပဏီမှတ်ပုံတင်အမှတ်မှာ ၁၁၂၃၈၇၅၉၅ ဖြစ်ပါသည်။

ကုမ္ပဏီကို ကမကထပြုသူ (၁၁)ဦးဖြင့် တည်းကုန်းလက်ကားဈေးကြီး တည်ဆောက်ရန်နှင့် စီမံခန့်ခွဲရန် ရည်ရွယ်၍ တည်ထောင်ခဲ့ပါသည်။ တည်းကုန်းလက်ကားဈေးသည် အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်း ထောင့်တွင် တည်ရှိသည်။ ၂၀၁၅ခုနှစ် နှစ်ဦးပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) မှ ပြုလုပ်သော တည်းကုန်းလက်ကားဈေးစီမံကိန်း တည်ဆောက်ခွင့်နှင့် စီမံခန့်ခွဲခွင့်တင်ဒါကို အခြားတင်ဒါ တင်သွင်းသူများနှင့် အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး (၃၁.၃.၂၀၁၅) နေ့တွင် ဒဂုန်အင်တာနေရှင်နယ်လီမိတက် (DIL) က ရွေးချယ်ခံ ခဲ့ရပြီး တင်ဒါအောင်မြင်ခဲ့ပါသည်။ တင်ဒါပါစည်းကမ်းချက်များအရ DIL သည် စီမံကိန်း ဆောင်ရွက်ရန် အများပိုင် ကုမ္ပဏီတစ်ခု တည်ထောင်ဖွဲ့စည်းရာတွင် အဆိုပါကုမ္ပဏီ၌ DIL မှ အစုရှယ်ယာ ၄၅% ကို ကမကထ ပြုလုပ်သူ/ မူလတည်ထောင်သူ အနေဖြင့် ကနဦးမတည်ပြီး မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ကုမ္ပဏီကို ဖွဲ့စည်းပြီးသည့် အခါတွင်လည်း ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၏ တည်းကုန်းတင်ဒါစာလွှာပါ တင်ဒါလုပ်ငန်းလိုအပ်ချက် (၅-က)၊ (၁၆)အရ မူလတင်ဒါ အောင်မြင်ထားသူ DIL ကိုသာ အဓိကကန်ထရိုက်တာအဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ YCDC မှ မြေဧရိယာ ၈၂.၇၈ ဧကအား ကနဦးနှစ် (၅၀) ၊ တိုးချဲ့နှစ် (၂၀) ဖြင့်ငှားရမ်းပြီး တည်းကုန်းလက်ကားဈေးကြီး စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံ ထားပါသည်။ လုပ်ငန်းပင်မအဆောက်အအုံများဖြစ်သည့် ဈေးရုံကြီးများတည်ဆောက်ရေး လုပ်ငန်းပြီးစီးပါက လက်ကားဈေးကြီး ဖွင့်လှစ်လည်ပတ်ခြင်း စီမံခန့်ခွဲမှုကိစ္စအဝဝကို ကုမ္ပဏီမှ မြေငှားရမ်း ကာလအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မှတ်ပုံတင်ထားသော ကုမ္ပဏီ၏လိပ်စာသည် အမှတ် (၂၆၂-၂၆၄) ၊ပြည်လမ်း ၊ ဒဂုန်စင်တာ ၊ Block (အေ) ၊ (၄) လွှာ ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဖွန်လ (၂၅) ရက်နေ့တွင် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်၍ ထိုနေ့မှစ၍ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိခဲ့ပါသည်။ ယင်းဝင်ငွေခွန်ကင်းလွတ်ခွင့်သည် ၂၀၂၁ ခုနှစ် ဖွန်လတွင် ကုန်ဆုံးခဲ့ပါသည်။

ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရန် ၂၀၂၃ ခုနှစ်၊ ဖွန်လ ၁၂ ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ စတော့အိတ်ချိန်းဝင်သည့်နေ့စွဲမှာ ၂၀၂၃ ခုနှစ်၊ ဖွန်လ ၃ ရက်ဖြစ်ပါသည်။ စတော့အိတ်ချိန်းဝင်ပြီးနောက်ကုမ္ပဏီသည် ဝင်ငွေခွန်ကို ၁၇ ရာခိုင်နှုန်းသာပေးဆောင်ရပါသည်။

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်

ဘဏ္ဍာရေးရှင်းတမ်းများတွင် တသမတ်တည်း ကျင့်သုံးခဲ့သော အဓိကကျသည့် စာရင်းမူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ

ကုမ္ပဏီသည် ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများကို ဆက်လက်ရှင်သန်လည်ပတ်နိုင်သည့်လုပ်ငန်းအဖြစ် ဆက်လက်သွားနိုင်မည့် အခြေခံအကြောင်းရင်းအပေါ်အခြေခံ၍ ရေးဆွဲထားပါသည်။ ဤယူဆချက်အပေါ် သိသာထင်ရှားသော သံသယများကို ဖြစ်ပေါ်စေနိုင်သည့် အရေးပါသော မသေချာမရေရာမှုများမရှိဟု ဒါရိုက်တာများကယူဆပါသည်။ ကုမ္ပဏီသည် ကြိုတင်သိမြင်နိုင်သော အနာဂတ်ကာလ၊ အစီရင် ခံသည့်ကာလပြီးဆုံးချိန်မှ ၁၂ လ ထက်မနည်းသော အချိန်တွင် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန် လုံလောက်သောအရင်းအမြစ်များရှိကြောင်းကျိုးကြောင်း ဆီလျော်သော မျှော်လင့်ချက်တစ်ခုဆုံးဖြတ်ထားရှိပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ရေးဆွဲထားသည့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများတွင် လိုအပ်သော အချက်အလက်နှင့် ထုတ်ဖော်ချက်များအားလုံး ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများတွင် မပါဝင်ပါ။ ၎င်းတို့ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများနှင့် တွဲဖက်ဖတ်ရှုရပါမည်။ သို့သော်လည်း နောက်ဆုံးနှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများမှစ၍ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် ဆောင်ရွက်ချက်အပြောင်းအလဲများကို နားလည်သဘောပေါက်စေရန် အရေးကြီးသောဖြစ်ရပ်များနှင့်လုပ်ဆောင်ချက်များ ရွေးချယ်ထားသောရှင်းလင်းချက်မှတ်စုများတွင် ပါဝင်ပါသည်။

(ခ) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

*(၁) လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးနှင့် စာရင်းတင် ဖော်ပြသည့်ငွေကြေး*

ကုမ္ပဏီမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေးပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းဆောင်ရွက်သည့် ငွေကြေး (the "Functional Currency") ဟု သတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းကို ကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးပမာဏဖြစ်သော မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

*(၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ*

နိုင်ငံခြားငွေဖြင့် ပြုလုပ်သော လုပ်ငန်းဆောင်ရွက်ချက်များသည် လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင် ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲချက်နှင့်၊ ၎င်းနိုင်ငံခြားငွေကြေး များကို စာရင်းရှင်းလင်းရာမှ ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ ဖြစ်ပေါ်သောအမြတ် ၊ အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် စာရင်းရေးသွင်း ပါသည်။

(ဂ) ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများမှာ ငှားရမ်းခရရန် / သို့မဟုတ် ရင်းနှီးငွေတိုးစေရန် (သို့မဟုတ်နှစ်ရပ်လုံး) ကိုင်ဆောင်ထားသော ပိုင်ဆိုင်ပစ္စည်းများဖြစ်သည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများကို မူရင်းတန်ဖိုးဖြင့် ကနဦးစာရင်း ရေးသွင်းပြီး ဆက်လက်၍ မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်း ချွတ်ယွင်းပြုန်းတီးမှု တန်ဖိုးကိုနုတ်၍ တန်ဖိုးသယ်ဆောင်ဖော်ပြပါသည်။

ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းများ၏ သက်တမ်းကုန်တန်ဖိုးများ၊ အသုံးဝင်သက်တမ်းများနှင့် တန်ဖိုးလျော့ နည်းကို လက်ကျန်ရှင်းတမ်း ရေးဆွဲသောနေ့တိုင်းတွင် ပြန်လည်သုံးသပ်၍ လိုအပ်သလို ညှိနှိုင်းသည်။ ပြောင်းလဲမှု များရှိသည့်အခါ ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြသည်။

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

(ဂ) ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆက်)

အဓိကကျသော ပြုပြင်မွမ်းမံမှုစရိတ်များကို မတည်အသုံးစရိတ်အဖြစ် စာရင်းသွင်းပြီး အစားထိုး အစိတ်အပိုင်းများ၏ သယ်ဆောင်တန်ဖိုးများကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။ ပြုပြင်ထိန်းသိမ်းမှုစရိတ်နှင့် အသေးစားစရိတ်တိုးမြှင့်မှုများ ကုန်ကျသည့်အခါ၌ အရှုံးအမြတ် စာရင်းတွင်ရေးသွင်းသည်။

တန်ဖိုးလျော့ကို Straight-line method ဖြင့် တွက်ချက်၍ တန်ဖိုးလျော့ပမာဏကို ခန့်မှန်းအသုံးဝင်သက်တမ်း နှစ် (၅၀) သတ်မှတ်ခွဲဝေကျခံသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတစ်ခု၏ ထုခွဲရောင်းချခြင်းနှင့်စပ်လျဉ်း၍ လက်ကျန်တန်ဖိုးနှင့် ထုခွဲရောင်းချခြင်းမှ ရငွေတို့၏ ခြားနားချက်ကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

(ဃ) ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများအားလုံးကို မူရင်းတန်ဖိုးဖြင့် ဦးစွာ စာရင်းဖော်ပြသည်။ ယင်းသို့စာရင်းဖော်ပြပြီးနောက် ယင်းပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းချွတ်ယွင်းပြုန်းတီးမှုတန်ဖိုးများ နုတ်၍ တိုင်းတာသည်။ မူရင်းတန်ဖိုးတွင် ပုံသေပိုင်ပစ္စည်းများကို အစားထိုးစရိတ်များ ပါဝင်သည်။ ပုံသေပိုင်ပစ္စည်းတစ်ခု၏ စရိတ်ကို ယင်းပစ္စည်းနှင့်ဆက်စပ်နေသော အနာဂတ်စီးပွားရေးအကျိုးအမြတ်များ ကုမ္ပဏီသို့ စီးဝင်ရန်နှင့် ယင်းပစ္စည်း၏ စရိတ်ကို ခိုင်လုံစွာ တိုင်းတာနိုင်သည့်အခါမှသာ စာရင်းရေးသွင်းသည်။

ကြားကာလတွင် ပုံသေပိုင်ပစ္စည်း၏အဓိကအစိတ်အပိုင်းများကို အစားထိုးရန် လိုအပ်သောအခါ ကုမ္ပဏီသည် ယင်းအစိတ်အပိုင်းများကို ပုံသေပိုင်ပစ္စည်းတစ်ခုစီအဖြစ် တိကျသော အသုံးဝင်သက်တမ်းများ၊ တန်ဖိုးလျော့တို့ဖြင့် အသီးသီး စာရင်းဖော်ဆောင်သည်။ ထို့အတူ အဓိကကျသော စစ်ဆေးမှုကို ပြုလုပ်သောအခါ စာရင်းရေးသွင်းရန် စံများပြည့်မီပါက ၎င်းကုန်ကျစရိတ်ကို ပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးတွင် အစားထိုးစရိတ်အဖြစ် စာရင်းရေးသွင်းသည်။ အခြားသော ပြုပြင်ထိန်းသိမ်းမှုစရိတ်များကို ကုန်ကျသည့်အခါ၌ အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်း၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ Straight-line method ဖြင့် တွက်ချက်ထားပါသည်။

| | အသုံးဝင်မှုသက်တမ်းနှစ်များ |
|---|---|
| ပရိဘောဂပစ္စည်းများ | ၃ |
| ရုံးသုံးပစ္စည်းကိရိယာများ | ၂ - ၃ |
| မော်တော်ယာဉ် | ၅ |
| MPT ဖုန်းလိုင်း | ၅ |
| ရုံးအဆောက်အဦး | ၄၅.၂၅ |
| ကားရပ်နားနေရာထိန်းချုပ်မှုစနစ် | ၃ |
| မီးတိုင်နှင့် မီးတိုင်ဆက်စပ်ပစ္စည်းများ | ၅ |
| ရွှေ့ပြောင်းဈေးဆိုင်ခန်းငယ် | ၃ |
| လုပ်ငန်းခွင်သုံးကိရိယာ | ၃ |
| ဆိုလာစနစ် | ၁၆ |
| Development cost | ၅၀ |

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

(င) ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်း

သတ်မှတ်၍မရသော သက်တမ်းရှိသည့် နာမည်ကောင်းတန်ဖိုးမှလွဲ၍ intangible asset တစ်ခုကို ယင်း၏ မူရင်းတန်ဖိုးမှ တန်ဖိုးလျော့နှင့် အခြားလျော့ရမည့်တန်ဖိုး (ရှိပါက) ကိုနုတ်၍ ဖော်ပြပါသည်။

တန်ဖိုးလျော့သည့်နည်းလမ်းမှာ Straight-line method ပေါ် အခြေခံသည်။

| | ခန့်မှန်းအသုံးဝင်သက်တမ်း |
|---|---|
| Market operation system | ၃ နှစ် |
| E commerce system | ၃ နှစ် |

(စ) ငွေနှင့်ငွေသားညီမျှခြင်းများ

ငွေသားစီးဆင်းမှုရှင်းတမ်းတွင် တင်ပြရာ၌ ငွေနှင့် ငွေသားညီမျှခြင်းတွင် လက်ကျန်ငွေနှင့် ဘဏ်များ၌ ထားရှိသည့်ငွေများ ပါဝင်ပါသည်။

(ဆ) ကုန်လက်ကျန်များ

ကုန်လက်ကျန်တန်ဖိုးကို ကုန်ကျစရိတ်နှင့် အသားတင်ရောင်းရငွေတို့အနက် နည်းသောပမာဏဖြင့် စာရင်း ဖော်ဆောင်ပါသည်။ ပစ္စည်းတန်ဖိုးကို first-in , first-out နည်းကိုသုံး၍ သတ်မှတ်သည်။ ကုန်ချောတန်ဖိုးနှင့် လုပ်ဆဲအလုပ်တွင် ကုန်ကြမ်းတန်ဖိုးများ၊ တိုက်ရိုက်အလုပ်သမားစရိတ် ၊ အခြားတိုက်ရိုက် ကုန်ကျစရိတ်များနှင့် ဆက်စပ်ထုတ်လုပ် ကုန်ကျစရိတ်များ (ပုံမှန်လုပ်ငန်းစွမ်းဆောင်မှုအပေါ်အခြေခံ၍) နှင့် ချေးငွေစရိတ်များ ပါဝင် ပါသည်။ မူရင်းတန်ဖိုးတွင် နိုင်ငံခြားငွေကြေးဖြင့် ကုန်ဝယ်ယူမှုအတွက် ငွေသားနှင့်သက်ဆိုင်သော အန္တရာယ် ကင်းရှင်းမှုရှိစေရန် ပြုလုပ်ထားမှုအပေါ် ပေါ်ထွက်လာသော မည့်သည့်အရှုံးအမြတ်များမဆို ပါဝင်ပါသည်။ အသားတင် အရောင်းတန်ဖိုး ဆိုသည်မှာ ခန့်မှန်းရောင်းဈေးမှ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးသည်အထိ ခန့်မှန်းကုန်ကျစရိတ်နှင့် တိုက်ရိုက်ဖြစ်သော အရောင်းကုန်ကျစရိတ်များ အားလုံး နုတ်ပြီးထားသောတန်ဖိုးဖြစ်ပါ သည်။

(ဇ) ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ဦးစွာ ကာလတန်ဖိုးဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသော တန်ဖိုးကိုနုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ရပိုင်ခွင့်လျော့ကျသွားသည့် အထောက်အထား ခိုင်လုံသောအခါ ခန့်မှန်း၍ရသော ပြန်မရနိုင်သည့် ပမာဏများအတွက် သင့်လျော်သော စရိတ်များကို အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းသည်။

(ဈ) ဆိုင်းငံ့ထားသောအခွန်

ဆိုင်းငံ့ထားသောအခွန်ကို အခွန်ဥပဒေအရ တွက်ချက်ရရှိသော ပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးနှင့် ဘဏ္ဍာရေးရှင်းတမ်းရှိပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးကိုခြားနားသည့်အခါမှ ရရှိလာသော ယာယီကွာခြားချက်များ အပေါ်တွင် ဝင်ငွေခွန်နှုန်းထားဖြင့်တွက်ချက်ထားပါသည်။

ဆိုင်းငံ့ထားသော ရရန်နှင့်ပေးရန် အခွန်များနှင့်ပတ်သက်၍ လက်ရှိဘဏ္ဍာရေးနှစ် အတွက် ဝင်ငွေခွန်ရပိုင်ခွင့် နှင့် ပေးရန်တာဝန်ကို ဥပဒေနှင့်အညီ ခုနှိမ်ခွင့်ရရှိထားသောအခါနှင့် အခွန်အာဏာပိုင်တူညီသောအခါမှသာ ခုနှိမ်ပါသည်။

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

**(ည) ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ**

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများသည် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ မပေးချေရသေးသော ကုမ္ပဏီသို့ပေးပို့ထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက် ပေးရန်ရှိများဖြစ်ပါသည်။ ပေးချေမှုသည် တစ်နှစ်အတွင်း (သို့မဟုတ်) တစ်နှစ်အောက် (သို့မဟုတ် ပို၍ကြာရှည်ပါက ပုံမှန်လုပ်ငန်းလည်ပတ်သည့်ကာလ) အတွင်းဖြစ်ပါက ၎င်းတို့ကို လက်ငင်းပေးရန် တာဝန်များအဖြစ် ဖော်ပြပါသည်။ ထိုသို့မဟုတ်ပါက လက်ငင်းမဟုတ်သော ပေးရန်တာဝန်များအဖြစ် ဖော်ပြပါသည်။

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ဈေးကွက်ပေါက်ဈေးဖြင့် ကနဦးစာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျှော့ချပြီးတန်ဖိုးဖြင့် စာရင်းသယ်ဆောင်ပါသည်။

**(ဋ) လျာထားငွေများ**

ပြီးခဲ့သော အဖြစ်အပျက်တစ်ခု၏ အကျိုးရလဒ်အဖြစ် လက်ရှိပေးရန်တာဝန်ရှိသောအခါ (တရားဥပဒေအရ သို့မဟုတ် အပြုသဘောအရ) ကုမ္ပဏီသည် လျာထားငွေများအဖြစ် ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏ အရင်းအမြစ်များစီးထွက်ရန် အလားအလာရှိပြီး ပေးချေရမည့်ပမာဏကို တိကျမှန်ကန်စွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ ဆောင်ရွက်ချက်ဆုံးရှုံးမှုများကို လျာထားငွေများအဖြစ် မသတ်မှတ်ပါ။

**(ဌ) ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ**

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစား သတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နုတ်၍ စာရင်းဖော်ဆောင် ပါသည်။ ကျသင့်အခွန်မှန်သမျှ နုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

**(ဍ) အမြတ်ဝေစု**

ကုမ္ပဏီအစုရှင်များအား အမြတ်ဝေစုပေးရန် သဘောတူခွင့်ပြုပြီးသည့်အခါမှသာ ၎င်းအမြတ်ဝေစုများကို စာရင်းရေး သွင်းသည်။

**(ဎ) ဝင်ငွေခွန်များ**

ပြီးခဲ့သောကာလနှင့် လက်ရှိကာလများအတွက် ဝင်ငွေခွန်ကို ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနေ့တွင် ပြဌာန်းထား သော သို့မဟုတ် နောက်ပိုင်းပြဌာန်းထားသော အခွန်နှုန်းထားများနှင့်အညီ လိုက်နာလျက် အခွန်ဌာနသို့ ပေးချေရမည့် ပမာဏ သို့မဟုတ် အခွန်ဌာနမှ ပြန်လည်အမ်းရန်ရှိသည့် ပမာဏကို စာရင်းဖော်ဆောင်သည်။

(ဏ) ဝင်ငွေ

ဝင်ငွေအဖြစ်အောက်ပါအတိုင်းစာရင်းရေးသွင်းပါသည်။

(၁) လုံးချင်းအိမ်ယာရောင်းချခြင်းများအတွက် ဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်းပြီးစီးခြင်း သို့မဟုတ် ဝယ်သူထံမှအရောင်း တန်ဖိုး၏ ၈၀ ရာခိုင်နှုန်းငွေရရှိသည့်အခါ ဝင်ငွေအဖြစ်စာရင်းရေးသွင်းပါသည်။

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

(ဏ) ဝင်ငွေ (အဆက်)

(၂) အလယ်အလတ်လက်ကားဈေးရုံဆိုင်ခန်းများအတွက် ပြီးစီးမှုရာခိုင်နှုန်းကိုအသုံးပြု၍ ဝင်ငွေအဖြစ်စာရင်းရေးသွင်းပါသည်။

(၃) ကျန်သောဝင်ငွေများအတွက် ဝင်ငွေကို accrual basis ဖြင့် စာရင်းရေးသွင်းပါသည်။ ဝင်ငွေတွင် ကုမ္ပဏီ၏ပုံမှန်လုပ်ငန်းဆောင်ရွက်ချက်အရ ကုန်အရောင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းအတွက် ရရှိခဲ့ခြင်း သို့မဟုတ် ရရန်ရှိ၏ တန်ဖိုးများ ပါဝင်ပါသည်။

(တ) နှိုင်းယှဉ်ဖော်ပြချက်

လိုအပ်သည့်အခါတွင် နှိုင်းယှဉ်ဖော်ပြထားသော ကိန်းဂဏန်းများကို လက်ရှိနှစ်၏ တင်ပြသော ပြောင်းလဲချက်များနှင့် အညီ ဖြစ်စေရန် ညှိနှိုင်းထားပါသည်။

၃။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ခန့်မှန်းချက်များ

မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံခန့်ခွဲရေးတွင် တာဝန်ရှိသူ များသည် စာရင်းကာလတစ်ခုစီ ကုန်ဆုံးသည့်အချိန်တွင် အစီရင်ခံစာပါ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ ၊ ဝင်ငွေများ ၊ အသုံးစရိတ်များ နှင့် အလားအလာရှိသော ပေးရန်တာဝန်များ၏ ဖော်ပြချက်ကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ သို့ရာတွင် ထိုခန့်မှန်းခြေများနှင့် ယူဆချက်များ၏ မသေချာမရေရာမှုကြောင့် အနာဂါတ်ကာလများတွင် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်၏ သယ်ဆောင်တန်ဖိုးကို အရေးပါသော စာရင်းညှိနှိုင်းမှုတစ်ခု ပြုလုပ်ရန် လိုအပ်စေနိုင်ပါသည်။

၄။ Financial Risk Management

ကုမ္ပဏီ၏ financial risk management မူဝါဒသည် ၎င်း၏ risk များကို စီမံခန့်ခွဲရာတွင် လုံလောက်သော ဘဏ္ဍာရေး အရင်းအမြစ်များသည် ကုမ္ပဏီ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ရရှိကြောင်း သေချာမှုရှိစေရန် ဖြစ်သည်။ ကုမ္ပဏီက ရင်ဆိုင်ရသော financial risk များ၏ အဓိကနယ်ပယ်များနှင့် ယင်း risk များနှင့် ပတ်သက်သည့် မူဝါဒများကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

*(က) Foreign exchange risk*

အစီရင်ခံသည့်ကာလအတွင်း Foreign exchange risk မရှိပါ။ ကုမ္ပဏီသည် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်း အတက်အကျအတွက် မမျှော်မှန်းနိုင်သော ဆုံးရှုံးမှုများမှ ရှောင်ရှားရန် နိုင်ငံခြားငွေကြေးဖြင့် ထားရှိသော ဘဏ်လက်ကျန်ကို အနည်းဆုံးဖြစ်စေရန် လျှော့ချခဲ့ပါသည်။

## ၄။ Financial Risk Management (အဆက်)

*(ခ) Credit risk*

စာရင်းတင်ထားသည့် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ဆက်နွယ်သည့် အများဆုံး credit risk မှာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည့် ငွေပမာဏ (carrying amount) ဖြစ်ပါသည်။ သို့သော်ကုမ္ပဏီအုပ်စုက ယင်း risk ကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် မူဝါဒများ ချမှတ်ထားပြီးဖြစ်ပါသည်။

*(ဂ) Market risk*

ကုမ္ပဏီသည် ရန်ကုန်မြို့တွင် လုပ်ငန်းဆောင်ရွက်နေပြီး ဈေးကွက်ဆိုင်ရာ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် စွန့်စားမှု တစ်စုံတစ်ရာ မရှိပါ။

*(ဃ) Liquidity and cash flow risks*

ငွေသားစီးဆင်းမှု အတက်အကျ၏ အကျိုးသက်ရောက်မှုကို လျှော့နည်းစေရန်နှင့် လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေးထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှုရှိသည်ဟု ယူဆသော လက်ကျန်ငွေများကို ကုမ္ပဏီမှ စောင့်ကြည့် ထိန်းသိမ်းထားရှိပါသည်။

## ၅။ Capital management

ကုမ္ပဏီသည် မတည်ငွေရင်းများ စီမံခန့်ခွဲရာတွင် ထားရှိသော အဓိကရည်ရွယ်ချက်များမှာ လုံလောက်သော လုပ်ငန်းလည်ပတ်ငွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး လုပ်ငန်းစဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

ကုမ္ပဏီသည် ၎င်း၏ ရင်းနှီးငွေ ဖွဲ့စည်းမှုများကို စီမံခန့်ခွဲပြီး ၎င်း၏ ငွေရေးကြေးရေး ပေးရန်တာဝန်များကို ပေးရန်စေ့ရောက်သည့်အခါ ပေးချေနိုင်ရန် သေချာမှုရှိစေရန် ဆောင်ရွက်သည်။

## ၆။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ - အဆောက်အဦးများ

| | ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက် ကျပ်ထောင်ပေါင်း | ၂၀၂၄ ခုနှစ် ၊ မတ်လ (၃၁) ရက် ကျပ်ထောင်ပေါင်း |
|---|---|---|
| *မူရင်းတန်ဖိုး* | | |
| ကာလ/နှစ်စရှိတန်ဖိုး | ၁၃,၀၂၃,၃၇၂ | ၁၃,၀၀၂,၁၇၅ |
| အသစ်ဝယ်ခြင်း | ၂,၈၈၀,၉၁၃ | ၂၁,၁၉၇ |
| ကာလ/နှစ်ဆုံးရှိတန်ဖိုး | ၁၅,၉၀၄,၂၈၅ | ၁၃,၀၂၃,၃၇၂ |
| *စုစုပေါင်းတန်ဖိုးလျော့နှင့် ချတ်ယွင်းပြုန်းတီးမှုတန်ဖိုး* | | |
| ကာလ/နှစ်စရှိတန်ဖိုး | ၁,၄၅၈,၆၄၂ | ၁,၁၈၃,၀၃၄ |
| တန်ဖိုးလျော့ | ၁၅၈,၀၉၄ | ၂၇၅,၆၀၈ |
| ကာလ/နှစ်ဆုံးရှိတန်ဖိုး | ၁,၆၁၆,၇၃၆ | ၁,၄၅၈,၆၄၂ |
| **အသားတင်တန်ဖိုး** | ၁၄,၂၈၇,၅၄၉ | ၁၁,၅၆၄,၇၃၀ |

မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောခြောက်လကာလအတွက် အကျဉ်းချုံး
ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ

၆။ **ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ - အဆောက်အဦးများ** (အဆက်)

